## ဂျပန်နိုင်ငံရှိ ပညာတော်သင်ကျောင်းများ

# Toyohashi University of Technology (TUT)




Toyohashi University of Technology (TUT) သည် ကမ္ဘာ့အဆင့်မီသုတေသနပြုခြင်း၊ ပညာရေးနှင့် ဂလိုဘယ်လိုက်ဇေးရှင်းတို့နှင့်အတူ အင်ဂျင်နီယာပညာရပ်အား အထူးပြုသင်ကြားပေးသော ဂျပန်နိုင်ငံ၏နိုင်ငံပိုင်တက္ကသိုလ်တစ်ခုဖြစ်သည်။

ယင်းတွင် နိုင်ငံတကာမှကျောင်းသားများအတွက်ဖွင့်လှစ်ခြင်းဖြစ်ပြီး အင်္ဂလိပ်-ဂျပန် ဘာသာစကားနှစ်မျိုးဖြင့် သင်ကြားပေးသော ဘွဲ့ကြိုပရိုဂရမ်အပြင် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးသော မဟာတန်းနှင့် Ph.D. တန်းများ တက်ရောက်နိုင်သည်။

ယင်းသည် ဂျပန်နိုင်ငံ၏အလယ်၊ တိုယိုဟာရှီမြို့တွင်တည်ရှိပြီး နေထိုင်မှုနှင့် လေ့လာသင်ယူမှုအတွက် ကောင်းမွန်သည့်နေရာတစ်ခုဖြစ်သည်။

TUT မှ မြန်မာကျောင်းသားများအား ကြိုဆိုလျက်ရှိသည်။

လုပ်ကိုင်တတ်ပြီး ဖန်တီးနိုင်စွမ်းရှိသော အင်ဂျင်နီယာပညာရပ်တွင် ဦးဆောင်မည့်သူများအတွက် TUT အား (၁၉၇၆) ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ နားလည်လွယ်သည့်ပရိုဂရမ်များမှ တဆင့် TUT သည် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းနှင့် စက်မှုလုပ်ငန်း-ပညာရေး ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် လူ့အဖွဲ့အစည်းအား အကျိုးပြုနေသည့်အပြင် ကျောင်းအတွက် အဖိုးမဖြတ်နိုင်သည့် ဆောင်ရွက်ချက်များအားလုပ်ဆောင်ပေးနေသည့် အရည်အချင်းမြင့်မားသည့်အင်ဂျင်နီယာများနှင့်သုတေသီများအား မွေးထုတ်ပေးလျက်ရှိသည်။

လက်ရှိတွင် TUT သည် ဂျပန်နိုင်ငံရှိ တက္ကသိုလ်ပေါင်း (၈၀၀) ခန့်တွင် အကောင်းဆုံးတက္ကသိုလ် (၁၄) ခုမှ (၁) ခုအဖြစ်ရွေးချယ်ခံရပြီး ဂလိုဘယ်လိုက်ဇေးရှင်းတွင် ဦးဆောင်လျက်ရှိကာ သုတေသနပြုခြင်းဆိုင်ရာ အဆင့်မြင့်တန်းများနှင့် အတန်းစဉ်လိုက် ဘွဲ့လွန်ကျောင်းပရိုဂရမ်အား ဖွင့်လှစ်လျက်ရှိသည့် တက္ကသိုလ်ဖြစ်သည်။

နိုင်ငံတကာတွင်အောင်မြင်သော တက္ကသိုလ်တစ်ခုဖြစ်လာစေရန် ကြိုးပမ်းရာတွင် TUT သည် နိုင်ငံတကာပညာရေးနှင့် သုတေသနအတွက် ဗဟိုချက်အဖြစ်ဆောင်ရွက်နိုင်မည့် ယဉ်ကျေးမှုများပေါင်းစုံရာ ကမ္ဘာလုံးဆိုင်ရာတက္ကသိုလ်နယ်မြေတစ်ခုအား ဖန်တီးနေပါသည်။

TUT သည် တိုးတက်ဆဲနိုင်ငံများ၏ အင်ဂျင်နီယာပညာ၊ နည်းပညာနှင့် သိပ္ပံပညာရပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များနှင့် အဆင့်မြင့်ပညာရေးစနစ်တိုးမြင့်ရေးတို့အတွက် အကျိုးပြုနိုင်ရန် အာရှနိုင်ငံများမှလာရောက်သည့် နိုင်ငံတကာကျောင်းသားများကို လက်ခံလျက်ရှိသည်။

### TUT အားရွေးချယ်သင့်သည့် အကြောင်းရင်းကောင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဂျပန်နိုင်ငံထိပ်တန်းတက္ကသိုလ် (၁၄) ခုမှ တစ်ခုဖြစ်ပြီး TUT နှင့် အခြားတက္ကသိုလ် (၁၃) ခုသာလျှင် ဂျပန်အစိုးရ၏အကြီးမားဆုံး ထောက်ပံ့ကြေးပရိုဂရမ်သုံးခုအတွက် အရည်အချင်းပြည့်မီခြင်း။

(၂) သင်ကြားရန်နှင့် သုတေသနလုပ်ဆောင်ရန်အကောင်းဆုံးသော ပတ်ဝန်းကျင်။

- ကျောင်းပရဝုဏ်အတွင်း ကမ္ဘာ့အဆင့်မီပညာရပ်မျိုးစုံသုတေသနစင်တာအပြင် အခြားသောတီထွင်ဆန်းသစ်ခြင်း သုတေသနစင်တာများနှင့် အခြားသောအဆောက်အအုံများတည်ရှိခြင်း။

(၃) သင်ကြားခြင်းနှင့် နေထိုင်ခြင်းအတွက် တတ်နိုင်သည့်ကုန်ကျစရိတ်။

- ဂျပန်နိုင်ငံသားနှင့် နိုင်ငံတကာကျောင်းသားများကြားကွဲပြားမှုမရှိသည့် ဈေးနှုန်းသင့်နိုင်ငံပိုင် တက္ကသိုလ်၏ကျူရှင်။
- ဂျပန်အစိုးရမှထောက်ပံ့သော ပညာတော်သင်ဆုများနှင့် ကိုယ်ပိုင်ပေးအပ်သော ပညာတော်သင်ဆု (၁၆၀) တို့ရှိခြင်း။
- တက္ကသိုလ်ပရဝုဏ်အတွင်းနှင့် တက္ကသိုလ်ပရဝုဏ်ပြင်ပမှ သင့်တော်သည့် နေရာထိုင်ခင်းများ။
- နေထိုင်မှုစရိတ်နည်းပါးခြင်းနှင့် တိုယိုဟာရှီမှ ဂျပန်နိုင်ငံရှိ အဓိကမြို့ကြီးများနှင့် နေရာများသို့ အဆင်ပြေစွာ သွားလာနိုင်ခြင်း။

# Waseda တက္ကသိုလ်



Waseda တက္ကသိုလ် သည် ၁၈၈၂ ခုနှစ်တွင်ဖွဲ့စည်းတည်ထောင်ထားပြီး၊ အထူးပြုဘာသာရပ် ၁၃ခု နှင့် သုတေသနဌာနပေါင်း (၂၁) ခုဖြင့်ဖွဲ့စည်းထားသောပုဂ္ဂလိကပိုင် အဆင့်မြင့်တက္ကသိုလ်တစ်ခုဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်၊ သုတေသနပြုလုပ်ခြင်းများမှတဆင့် ကမ္ဘာပေါ်ရှိလူသားများအတွက်အကျိုးရှိစေမည့် လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ ယခုအချိန်အထိ နိုင်ငံတော် ဝန်ကြီးချုပ် (၇) ဦးကို မွေးထုတ်ပေးလိုက်နိုင်သည့် အပြင်၊ ဘွဲ့ရကျောင်းသားအယောက် (၆) သိန်းလောက်က ကမ္ဘာအနှံ့အပြားတွင် အကျိုးရှိစွာလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန် နိုင်ငံ၏မြို့တော်၊ တိုကျိုမြို့တွင် တည်ရှိသော Waseda Campus အပါအဝင်၊ စုစုပေါင်း Campus (၉) ခုတွင် ကျောင်းသားပေါင်း (၅) သောင်းကျော်က ပညာသင်ကြားလျက်ရှိပါသည်။ နိုင်ငံခြားသားကျောင်းသားများအား လက်ခံသည့်ဦးရေမှာလည်း ဂျပန်တွင်အများဆုံးအဖြစ် ဂုဏ်သတင်းကျော်စောပြီး၊ မြန်မာကျောင်းသား (၁၆) ဦး အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံပေါင်း (၁၀၅) နိုင်ငံမှ နိုင်ငံခြားကျောင်းသား (၅၀၀၀) ကျော်က ပညာသင်ကြားလျက်ရှိသော နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းတစ်ခုပဲဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ပညာသင်ကြားကာ ဘွဲ့ဒီဂရီများရယူနိုင်သော သင်ကြားမှုစနစ်များလည်းရှိသည့်အပြင်၊ အထူးပြု ဘာသာရပ် (၇) ခုနှင့် သုတေသနဌာနပေါင်း (၁၂) ခုတို့တွင် အင်္ဂလိပ်ဘာသာရပ် တစ်ခုတည်းဖြင့် ဘွဲ့ရယူနိုင်သောစနစ်များလည်းရှိပါသည်။

Waseda တက္ကသိုလ်တွင် မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်ကာ၊ ဤကျောင်း၏ဘွဲ့လွန်၊ ပါရဂူဘွဲ့ကျောင်းသားများအားရည်ရွယ်၍ **"အထူးပေးအပ်သောပညာတော်သင်ဆု AO ဝင်ခွင့်စာမေးပွဲ (ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်)"** အားပေးအပ်လျက်ရှိပါသည်။ ဤစာမေးပွဲတွင်ဖြေဆိုအောင်မြင်သူသည်၊ ကျောင်းစာရိတ်၊ ကျောင်းဝင်ခွင့်ကြေး၊ အထွေထွေ စရိတ်အားလုံးတို့အားကင်းလွတ်ခွင့်ရရှိမှာဖြစ်ပြီး၊ နေထိုင်စားသောက်စရိတ်အဖြစ် လစဉ် ယန်း ၁ သိန်း ၁ သောင်းကို ပညာတော်သင်ဆုအဖြစ်ပေးအပ်မှာဖြစ်ပါသည်။ လျှောက်လွှာများနှင့် ဝင်ခွင့်သတ်မှတ်ချက်များကို အောက်ပါ Waseda တက္ကသိုလ် ၏ Website တွင်ဝင်ရောက် လေ့လာနိုင်ပါသည်။

ကျောင်းပညာရေးမှတဆင့် မြန်မာနိုင်ငံ၊ ထိုမှတဆင့် တစ်ကမ္ဘာလုံးအား အကျိုးပြုနိုင်ရန်ရည်ရွယ်ပြီး၊ ကြိုးစားအားထုတ်နေသော ကျောင်းသားများအတွက် Waseda တက္ကသိုလ်ကျောင်းကြီးဟာဖြင့် အကောင်းမွန်ဆုံးသော ပညာရေးပတ်ဝန်းကျင်တစ်ခုကို ပံ့ပိုးပေးလျက်ရှိပါသည်။

### (ဆက်သွယ်မေးမြန်းရန် လိပ်စာ)

နိုင်ငံတကာ ဆက်ဆံရေးဌာန၊ Waseda တက္ကသိုလ်
**Email:** intl-ac@list.waseda.jp
**TEL:** +81-3-3203-7747
**https:**//www.waseda.jp/top/en

ကျောင်းဝင်ခွင့်ဆိုင်ရာ
နိုင်ငံတကာကျောင်းဝင်ခွင့်ဆိုင်ရာဌာန၊ ကျောင်းဝင်ခွင့် စင်တာ၊ Waseda တက္ကသိုလ်
**Email:** admission@list.waseda.jp
**TEL:** +81-3-3204-9073

AO Admissions Examination of Special Scholarship Programs
Exclusively for the Republic of the Union of Myanmar:
Http://web.waseda.jp/admission/en/ssp/myanmar/

## ဂျပန်နိုင်ငံရှိပညာတော်သင်ကျောင်းများ

# ဂျပန်တက္ကသိုလ် လျှောက်မည်ဆိုလျှင်...

၂၀၁၆ ခုနှစ် Yangon Press စာစောင်၏ဇလပိုင်းထုတ်မှ ၂၀၁၇ ခုနှစ် ၁ လပိုင်းထုတ်အထိ တွင်ဂျပန်ပညာသင်သွားခြင်း၏ဆွဲဆောင်မှု၊ ဂျပန်နိုင်ငံသို့ မြန်မာပညာသင်ကျောင်းသားအရေ အတွက်တိုးတက်လာမှု၊ဂျပန်တက္ကသိုလ်များသို့ကျောင်းလျှောက်ရန်လိုအပ်ချက်များ၊ပညာသင်ဆု များအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းရေးသားခဲ့ပါသည်။ ယခုလထုတ်တွင်လည်း ၂၀၁၆ ခုနှစ် ၁၂ လပိုင်းမှစ၍ပြောင်းလဲသွားသော ဂျပန်တက္ကသိုလ်လျှောက်ရန်လိုအပ်သောအခြေခံအချက် များ နှင့်ပတ်သက်၍ရေးသားသွားပါမည်။

၂၀၁၆ ခုနှစ် ၁၂ လပိုင်းတွင် ဂျပန်နိုင်ငံ ပညာရေး၊ယဉ်ကျေးမှု၊အားကစား၊ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာနမှပြည်ပကျောင်းများတွင်အထက်တန်း အောင်မြင်ပြီးဆုံးသူများ ဂျပန်တက္ကသိုလ် ဝင်ခွင့်လျှောက်ရာတွင် ဂျပန်နိုင်ငံ၏ အထက်တန်းအောင်မြင်ပြီးဆုံးသူများနှင့်တူညီသောပညာ အရည်အချင်းရှိသည်ဟုသတ်မှတ်ကြောင်းထုတ်ပြန်ကြေငြာခဲ့ပါသည်။ ထိုသတ်မှတ်ချက်မှာ မြန် မာနိုင်ငံ၏အထက်တန်းပညာရေး အောင်မြင်ပြီးဆုံးပါက ဂျပန်တက္ကသိုလ်လျှောက်နိုင်သောပညာ အရည်အချင်းရှိကြောင်း သတ်မှတ်ခြင်းပင်ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် ၁၂ လပိုင်း မတိုင်မီက မြန်မာ နိုင်ငံ၏အထက်တန်း ပြီးဆုံးချိန်တွင် ပညာသင်နှစ်အရေအတွက်မှာ ၁၁ နှစ်သာရှိသည့် အတွက် မြန်မာကျောင်းသားများ ဂျပန်တက္ကသိုလ်ဝင်ခွင့်လျှောက်ရန်အတွက် ပညာသင်နှစ်နောက်ထပ် ၁ နှစ်လိုအပ်ခဲ့ပါသည်။ သို့သော် ထိုသတ်မှတ်ချက်ပြောင်းလဲမှုအရ မြန်မာနိုင်ငံတွင်အထက် တန်းအောင်မြင်ပြီးသောကျောင်းသားမှာ ဂျပန်ပညာရေး၏ပညာအရည်အချင်း ၁၂ တန်းနှင့် ညီသည်ဟုသတ်မှတ်ခဲ့သည်။တနည်းအားဖြင့်မြန်မာနိုင်ငံတွင်အထက်တန်းအောင်မြင်ပြီး သူမှာဂျပန်ပညာရေးအရ ပညာသင်နှစ် ၁ နှစ်လိုအပ်သော်လည်း ဂျပန်တက္ကသိုလ်များတွင် ကျောင်းဝင်ခွင့် လျှောက်ထားခွင့်ပြုမှာဖြစ်ပါတယ်။

ထို့အတူ မဟာတန်းဝင်ခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍လည်း ၂၀၁၆ ခုနှစ် ၁၂လ ပိုင်း မတိုင်မီကပညာသင်နှစ်အရေအတွက် ၁၆ နှစ်ရှိမှ လျှောက်ထားနိုင်မှာဖြစ်သော်လည်း၊ ပြောင်းလဲသတ်မှတ်ပြီးနောက် အနည်းဆုံး ပညာသင်နှစ်အရေအတွက် ၁၅ နှစ်ရှိပါကလျှောက် ထားနိုင်မှာဖြစ်ပါတယ်။တနည်းအားဖြင့် ဂျပန်တက္ကသိုလ်၏ မဟာတန်းဝင်ခွင့်လျှောက်ထားရန် အတွက် မြန်မာနိုင်ငံရှိတက္ကသိုလ်ပြီးဆုံးသည့်နောက် preparatory education curriculum တွင် ၁ နှစ် တက်ရောက်ရခြင်း၊ သုတေသနကျောင်းသားအဖြစ်ဝင်ရောက်ကာ အချိန်ကုန်ရခြင်းများ သက်သာသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတက္ကသိုလ်မှဘွဲ့ကြိုတန်းပြီးဆုံးကာ ဂျပန်တက္ကသိုလ် မဟာ တန်းဝင်ခွင့် အောင်မြင်ပါက ဂျပန်တက္ကသိုလ်၏မဟာတန်းကို တက်ရောက်နိုင်မှာဖြစ်ပါသည်။

သတိပြုစရာအချက်တစ်ချက်တော့ရှိပါသည်။ ဘွဲ့ကြို နှင့် မဟာတန်းတက်ရောက်ခွင့် ပညာသင်နှစ်အရေအတွက်မှာအထက်ပါအတိုင်း ၁ နှစ် လျော့သွားသော်လည်း၊ ဂျပန်တက္ကသိုလ် များ၏ဝင်ခွင့်လျှောက်ထားနိုင်သော အရည်အချင်းတွင် အသက်ကန့်သတ်ထားသောကျောင်းများ လည်းရှိပါသည်။ ကျောင်းဝင်ခွင့်လျှောက်လွှာမတင်မီတွင် မိမိ လျှောက်ထားလိုသောကျောင်းနှင့် ဆက်သွယ်၍ဝင်ခွင့်လျှောက်ထားနိုင်သောအရည်အချင်းတွင် အသက်ကန့်သတ်ခြင်းရှိ၊ မရှိကို မေးမြန်းပါ။ ဒါမှမဟုတ် OJEIC နှင့် ဆွေးနွေးတိုင်ပင်ပါ။ OJEIC မှ ဝင်ခွင့်လျှောက်ထားမည့် တက္ကသိုလ်သို့မေးမြန်းပြီး အသက်ကန့်သတ်ချက်နှင့်အခြားဝင်ခွင့်လျှောက်ထားရန် လိုအပ်သော အရည်အချင်းများကိုရှင်းပြပေးပါမည်။ ဂျပန်တက္ကသိုလ်များသို့ ဘယ်လိုဆက်သွယ်ရမှန်းမသိသူ များ၊ ဆက်သွယ်ရမည့် လိပ်စာမသိသူများကိုလည်း OJEIC မှကူညီဆောင်ရွက်ပေးပါမည်။

ပါရဂူအတန်းလျှောက်ထားနိုင်သော သတ်မှတ်ချက်အရည်အချင်းမှာ အရင်အတိုင်း ပြောင်းလဲမှုမရှိဘဲ၊ မဟာဘွဲ့ရရှိအောင်မြင်ပြီးသူဖြစ်ပါက ပါရဂူအတန်းဝင်ခွင့်လျှောက်ထားနိုင်ပါ သည်။ ပညာသင်နှစ်အရေအတွက်ထည့်စဉ်းစားရန်မလိုပါ။

**OJEIC**
**Facebook:** https://www.facebook.com/StudyinJapanOfficeYangon/

**Coordinator for study in japan ( Myanmar )**
**Home Page:** http://www.okayama-u.ac.jp/user/myanmar/index.html

**OJEIC**
**Tel:** 092-6184-1054

**OJEIC**
**Email:** ojeicmyanmar@gmail.com



## 14th HYLI (Hitachi Young Leaders Initiative) အတွက် လျှောက်လွှာခေါ်ယူခြင်း

မြန်မာနိုင်ငံ ရန်ကုန်မြို့ တွင်ကျင်းပမည့် ထူးချွန် ကျောင်းသားလူငယ်များ တွေ့ဆုံပွဲ 14th HYLI ( ၂၀၁၇ ခုနှစ် ဇူလိုင်လ (၁၀) ရက်မှ (၁၃)ရက် အထိ ) သို့တက်ရောက်ရန် မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ ရွေးချယ် မည်ဖြစ်၍ စိတ်ပါဝင်စားသူများသည် အောက်ဖော်ပြပါ သတ်မှတ်ချက်ဘောင် အတွင်းအကျုံးဝင်ပါကလျှောက်ထားနိုင်ပါကြောင်းအကြောင်းကြားအပ်ပါ သည်။

**အရည်အချင်းသတ်မှတ်ချက်**

1) Be a full-time undergraduate or graduate student at local universities approached by Hitachi.
2) Will remain as a full-time undergraduate or graduate student until completion of HYLI program in July 2017.
3) Have the capacity to represent the current generation of youth and the national interests of the country he or she is representing.
4) Maintain a minimum CGPA / CAP / GPA of 3.0 out of 4 (or 3.5 out of 5).
5) Be active in extra-curricular activities and/or community work.
6) Have a keen interest in and be familiar with regional and global affairs.
7) Have good written and spoken English, preferably with a flair for public speaking.
8) Commitment to attend post HYLI event in each country scheduled from October to December in 2017.
9) Commitment to share the lessons learned in HYLI with as many peers as possible.
10) Thrive to spearhead realization of sustainable and inclusive society as a leader.
11) Graduates of past HYLI programs are not eligible to apply.

- အသေးစိတ်အချက်အလက်များကို
www.hitachi.com.sg/about/hitachi/activities/hyli/index.html
တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
(လျှောက်လွှာများကို MAJA ရုံးခန်းတွင်လာရောက်ထုတ်ယူနိုင်ပါသည်။)
- လျှောက်လွှာလက်ခံမည့်နေ့ရက် နှင့် အချိန်
၁၀. ၂. ၂၀၁၇ (သောကြာ) နေ့ မှ ၂၄. ၂. ၂၀၁၇ (သောကြာ) နေ့အထိ
မနက် (၉း၃၀) နာရီ မှ ညနေ (၄း၀၀) နာရီ အထိ
- မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း (MAJA Office)
အခန်း (၇၀၇)၊ တိုက်-စီ (C ), ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Phone: ၀၉-၈၆၁ ၂၁၅၁၊ ၀၉-၂၆၂၆၀၂ ၁၂၁

